MONTHLY
# NEWSLETTER
VOLUME [ 7 ]  1st - 31st JULY - 2020

AYA SOMPO insurance

## Types of RISK... 02

Risk ကို ဆုံးရှုံးမှုပမာဏအပေါ်မူတည်၍လည်းကောင်း၊ ဖြစ်ပေါ်နိုင်သည့် အခြေခံသဘောတရားအပေါ် မူတည်၍လည်းကောင်း ....

Human Resource Department

ဧရာဝတီဖောင်ဒေးရှင်းအနေနဲ့ မလေးရှားကပြန်လာတဲ့ **Covid-19 Positive** လူနာ(၇)ဦးအတွက်ငါးသိန်းကျပ်စီနှင့် **Facility Quarantine** ဝင်နေတဲ့သူတွေထဲကမှ အထိန်းသိမ်းခံရပြီး ပြန်ရောက်လာသူ (၂၈)ဦးအတွက် တစ်သိန်းကျပ်စီ ထောက်ပံ့ကူညီ..... 04

Corporate Planning Department

**AYA SOMPO Insurance** နှင့် **Strategy First University-SFU** တို့သည် **Learning and Development Partnership Signing Ceremony** အဖြစ် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူညီမှု လက်မှတ်ရေးထိုး ..... 05

Human Resource Department

## Employee Voices of "Why I Love AYA SOMPO" 07

ကျန်းမာရေးအာမခံ လျော်ကြေးငွေပေးအပ်ခြင်း 08

Corporate Planning Department

မီးအာမခံ လျော်ကြေးငွေပေးအပ်ခြင်း 09

Corporate Planning Department



The Q&A

## COMPREHENSIVE MOTOR INSURANCE 10

Human Resource Department

No.245,
Corner of Maha Bandula Road and 46th Street,
Botahtaung Township,
Yangon, Myanmar.

info@ayasompo.com

**Customer Service:**
csinfo@ayasompo.com

**Website Link:**
www.ayasompo.com

+95-9-966662883




## Risk ကို ဆုံးရှုံးမှုပမာဏအပေါ်မူတည်၍လည်းကောင်း၊ ဖြစ်ပေါ်နိုင်သည့် အခြေခံ သဘောတရားအပေါ် မူတည်၍လည်းကောင်း ခွဲခြားနိုင်ပါသည်......

နေ့စဉ် လူနေမှုဘဝနှင့် ပိုင်ဆိုင်မှုများသည် မြောက်မြားစွာသော ဖျက်စီးစေတတ်သော အကြောင်းတရားများနှင့် ခြိမ်းခြောက်မှုဒဏ်ကို အစဉ်အမြဲ ရင်ဆိုင်နေရပါသည်။ မည်သည့်အချိန်တွင် ဖြစ်ပေါ်မည်ကို အတိအကျ မသိရှိနိုင် ဖြစ်ပျက်ခဲ့ပြန်လျှင်လည်း မည်သည့် အတိုင်းအတာအထိ ဆုံးရှုံးမည်ကို မသိနိုင်ပါ။ သို့ပါ၍ ဖြစ်လာလျှင် အရှုံးပမာဏ လျော့နည်းအောင် ကြိုးစား ဆောင်ရွက်ရပါသည်။ ဤကဲ့သို့ ကြိုတင်မခန့်မှန်းနိုင်သော Risk ဟူသည့် မသေချာမရေရာမှု (uncertainty)အကြောင်းကို ယခင်လ သတင်းစဉ်မှာ ဖော်ပြပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုလမှာတော့ Risk နဲ့ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် Risk အမျိုးအစား တစ်ချို့ကို ဖော်ပြပေးလိုက်ပါတယ်။ Risk ကို ဆုံးရှုံးမှုပမာဏအပေါ် မူတည်၍လည်းကောင်း၊ ဖြစ်ပေါ်နိုင်သည့် အခြေခံ သဘောတရားပေါ် မူတည်၍ လည်းကောင်း ခွဲခြားနိုင်ပါတယ်။

### Catastrophic Risk

အကြောင်းအရင်းခံတစ်ခုမှ ဖြစ်ပေါ်လာတဲ့ နောက်ဆက်တွဲ ဆုံးရှုံးမှုဟာ သာမာန် ဆုံးရှုံးမှုထက် ကြီးမားနေပြီး Asset's Owner သာမက ပြန်လည်ပေးလျော်ရမယ့် အာမခံကုမ္ပဏီအတွက်ပါ ငွေကြေးအရ ထိခိုက်ဆုံးရှုံးမှုများနိုင်သည့် အန္တရာယ်မျိုးကို Catastrophic Risk ဟု သတ်မှတ်နိုင်ပါသည်။ ဘေးအန္တရာယ် ကျရောက်ခြင်းခံရတဲ့ Owner အနေနဲ့ ဒေဝါလီ ခံသွားရလောက်တဲ့ အထိ ကြီးမားသော သက်ရောက်မှုကို ခံစားစေနိုင်တဲ့ မြေငလျင်၊ ရေကြီးမှုနဲ့ ဆူနာမီကဲ့သို့သော အန္တရာယ်များကို ဥပမာအနေနဲ့ မှတ်သားနိုင်ပါတယ်။

### Important Risk

အာမခံကုမ္ပဏီအတွက်ကြီးမားသောအရေးကြီးသော ဆုံးရှုံးမှုမျိုး မဟုတ်သော်လည်း Risk Owner အတွက် အရေးပါသော ပြန်လည်ထူထောင်လည်ပတ်ရန် ခက်ခဲသော ဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည့် အန္တရာယ်မျိုးကို Important Risk ဟု သတ်မှတ်နိုင်ပါသည်။ မိသားစုတစ်စု၏ အိမ်ထောင်ဦးစီး ကျန်းမာရေး ထိခိုက်ခြင်း၊ ရုတ်တရက် သေဆုံးခြင်းကြောင့် ငွေကြေးဆိုင်ရာ အခက်အခဲများ ကြုံတွေ့ရင်ဆိုင်ရခြင်း၊ မထင်မှတ်ထားသောစတော့ရှယ်ယာဈေးကွက်အပြောင်းအလဲကြောင့် စီးပွားရေးအကျပ်အတည်း တွေ့ကြုံရခြင်း စသည့် ဖြစ်ရပ်များကို ဥပမာအဖြစ် လေ့လာနိုင်ပါသည်။

## Pure Risk

Pure Risk သည်လည်း အနာဂတ်၏ ဆုံးရှုံးမှုတစ်ခုဖြစ်ပြီး ဖြစ်ပေါ်လာလျှင် ပေါ်ထွက်လာမည့် ရလာဒ်မှာ အရှုံးဆိုသည့် ရလာဒ် တစ်မျိုးတည်းကိုသာလျှင် ရရှိနိုင်ပြီး အကျိုးအမြတ် (သို့) အနိုင်ရရှိခြင်းကို လုံးဝမဖြစ်ပေါ်စေနိုင်သည့် အန္တရာယ်မျိုး ဖြစ်ပါသည်။ စက်ရုံတစ်ခုတွင် အဆောက်အဦး၊ စက်ပစ္စည်း၊ ကုန်ကြမ်း၊ ကုန်ချောစသည်တို့သည် မီးဘေး၊ ရေဘေး၊ လေဘေး၊ ငလျင်ဘေး၊ စသည့် တစ်မျိုးမျိုးကြောင့် ဆုံးရှုံးမှု ဖြစ်ပွားခြင်း အစရှိသည်တို့ကို Pure Risk ကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုများဟု ခေါ်ဆိုနိုင်ပါသည်။ ယင်းကဲ့သို့ Pure Risk ကြောင့် ဖြစ်ပေါ်သည့် နောက်ဆက်တွဲမှာ ဆုံးရှုံးမှုကိုသာ ရှိနိုင်ပြီး အခြားအကျိုးရလဒ် မရှိနိုင်ပါ။

## Speculative Risk

မျှော်မှန်းချက် တစ်ခုခုအတွက် ရည်ရွယ်လုပ်ဆောင်ရင်း မျှော်လင့်ထားသည့် ရလဒ်ကို မရရှိနိုင်သည့် ဆုံးရှုံးမှုမျိုး ဖြစ်ပါသည်။ ဤ Risk အခြေအနေကား အမြတ်၊ အရှုံး နှစ်ခုစလုံး ဖြစ်နိုင်ခြေရှိပါသည်။ Risk Owner ၏ စွမ်းဆောင်ရည်နှင့် ထိန်းချုပ်မှုအပေါ် မူတည်၍ ရလဒ်မှာ အပြောင်းအလဲ ဖြစ်သွားနိုင်သည်။ မြင်သာသော ဥပမာတစ်ခုအနေဖြင့် လောင်းကစားပွဲတစ်ခုကဲ့သို့ မျှော်မှန်းသည့်အတိုင်း မနိုင်သော်လည်း မရှုံးသည့် သရေရလဒ်ကိုလည်း ရရှိနိုင်ပါသည်။ တစ်ဦးတစ်ယောက်၏ ထိန်းချုပ်မှုမရှိသော Pure Risk သာလျှင် အာမခံဝန်ဆောင်မှုဖြင့် Transfer လုပ်နိုင်ပြီး တစ်ဦးတစ်ယောက်၏ စွမ်းဆောင်ရည်နှင့် ထိန်းချုပ်မှုအပေါ် မူတည်သည့် Speculative Risk များသည် အာမခံထား၍ မရနိုင်ပါ။

ဒါဆိုရင်တော့ ဆုံးရှုံးမှု ပမာဏအပေါ် မူတည်၍လည်းကောင်း၊ ဖြစ်ပေါ်နိုင်သည့် အခြေခံသဘောတရားအပေါ် မူတည်၍ လည်းကောင်း ခွဲခြားလို့ရနိုင်တဲ့ Risk အမျိုးအစား (၂) ခုစီကို ဗဟုသုတအနေနဲ့ Sharing လုပ်ပေးခဲ့ပြီ ဖြစ်ပါတယ်။ အခြားရှင်းလင်းဖော်ပြပေးရန် ကျန်ရှိနေသော Risk အမျိုးအစားများကို နောင်လသတင်းစဉ်များတွင် ဆက်လက် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

Human Resource Department






# ဧရာဝတီဖောင်ဒေးရှင်းအနေနဲ့ မလေးရှားကပြန်လာတဲ့ Covid-19 Positive လူနာ(၇)ဦး အတွက် ငါးသိန်းကျပ်စီနှင့် Facility Quarantine ဝင်နေတဲ့သူတွေထဲကမှ အထိန်းသိမ်းခံရပြီး ပြန်ရောက်လာသူ (၂၈)ဦးအတွက် တစ်သိန်းကျပ်စီ ထောက်ပံ့ကူညီ......

ဧရာဝတီဖောင်ဒေးရှင်းအနေနဲ့ မလေးရှားကပြန်လာတဲ့ Covid-19 Positive လူနာ(၇)ဦးအတွက် ငါးသိန်းစီနဲ့ Facility Quarantine ဝင်နေတဲ့သူတွေထဲကမှ အထိန်းသိမ်းခံရပြီး ပြန်ရောက်လာသူ (၂၈)ဦးအတွက် တစ်သိန်းစီ ထောက်ပံ့ ကူညီပေးခဲ့ပါတယ်။ ထို့အတူ ပြည်ပနိုင်ငံ အသီးသီးက ပြန်ရောက်လာသူ (၅၀၀) ကျော်ကို မိမိတို့ရဲ့ Quarantine စင်တာမှာ အဆင်ပြေစွာ နေထိုင်၊ စားသောက်နိုင်စေဖို့ မေတ္တာဖြင့် စီစဉ် ဆောင်ရွက်ပေးထားပါတယ်။



တစ်ချိန်က မလေးရှားအကျဉ်းထောင်မှာအထိန်းသိမ်းခံထားရသူတွေကို သွားရောက်တွေ့ဆုံပြီး ရွှေ့ပြောင်းအလုပ်သမား တစ်ထောင်ကျော်ကို အိမ်ပြန်နိုင်ဖို့အတွက် ကူညီပေးခဲ့ဖူးပါတယ်။ ဒါကြောင့်မို့ အထိန်းခံ ရွှေ့ပြောင်း အလုပ်သမားတွေရဲ့ အခက်အခဲ၊ ဒုက္ခတွေကို ပိုပြီးတော့ သိနေခဲ့ပါတယ်။

တကယ်တော့ ကိုယ့်နိုင်ငံမှာ အလုပ်အကိုင်ရှားပါးတာနဲ့ လစာဝင်ငွေ နည်းပါးတာကြောင့် လူငယ်တွေဟာ သူတို့ မိသားစုအတွက်၊ သူတို့ရဲ့ မျှော်လင့်ချက်တွေအတွက် နိုင်ငံရပ်ခြားကို စွန့်စွန့်စားစား သွားရောက် လုပ်ကိုင်ကြပါတယ်။ အဆင်ပြေသူတွေ ရှိသလို ခက်ခဲပင်ပန်းစွာ ရုန်းကန်နေရသူတွေလည်း အများကြီးပါပဲ။

ကျွန်တော် ကိုယ်တိုင်လည်း ပြည်ပမှာ အောက်ခြေသိမ်း အလုပ်မျိုးစုံကို လုပ်ကိုင်ခဲ့ဖူးတာမို့ အခက်အခဲအားလုံးကို စာနာ နားလည်မိပါတယ်။ ဘယ်နေရာ ဘယ်ဒေသပဲ ရောက်ရောက် ကျွန်တော်တို့အားလုံးဟာ မြန်မာတွေပဲဖြစ်ပါတယ်။အခြေအနေအကြောင်းကြောင်းကြောင့် ပြန်လည်ရောက်ရှိ လာကြတဲ့ ကိုယ့်တိုင်းရင်းသား၊ ကိုယ့်လူမျိုးတွေအပေါ် နွေးထွေးစွာ ကြိုဆိုရင်း ဘဝအာမောတွေ ပြေစေဖို့ ဆန္ဒပြုအပ်ပါတယ်။

Corporate Planning Department

# AYA SOMPO Insurance နှင့် Strategy First University-SFU တို့သည် Learning  and Development Partnership Signing Ceremony အဖြစ် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း သဘောတူညီမှု လက်မှတ်ရေးထိုး ......




၂၀၂၀ပြည့်နှစ်၊ ဇွန် (၁၈)ရက်နေ့တွင် AYA SOMPO Insurance နှင့် Strategy First University - SFU တို့သည် Learning and Development Partnership Signing Ceremony အဖြစ် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ပါသည်။

အခမ်းအနားကို AYA SOMPO Insurance မှ CEO ဦးမျိုးမင်းသူ၊ COO Mr. Keiji Okada နှင့် Strategy First University မှ Founder & President ဦးအောင်ချစ်ခင် နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ AYA SOMPO အာမခံနှင့် Strategy First University တို့ ပူးပေါင်းဆောင်ရွက်၍ ဝန်ထမ်းများ၏ စွမ်းရည်များ တိုးတက်လာစေရန်၊ ဝန်ထမ်းတစ်ဦး တစ်ယောက်ချင်းစီ၏ အားသာချက်များကို မှန်ကန်စွာ အသုံးပြုဆောင်ရွက်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်များ ပိုမို တိုးတက်လာစေရန် အစရှိသော ကုမ္ပဏီ၏ လူ့အရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ဆောင်ချက်များအတွက် ရည်ရွယ်၍ ယခုလိုအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုအား လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။

**AYA SOMPO** အာမခံနှင့် **Strategy First University** တို့ ပူးပေါင်းဆောင်ရွက်၍ ဝန်ထမ်းများ၏ စွမ်းရည်များ တိုးတက်လာစေရန်၊ ဝန်ထမ်းတစ်ဦး တစ်ယောက်ချင်းစီ၏ အားသာချက်များကို မှန်ကန်စွာ အသုံးပြုဆောင်ရွက်နိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှုစွမ်းရည်များ ပိုမိုတိုးတက်လာစေရန် အစရှိသော ...

ထို့အပြင် AYA SOMPO အာမခံအနေဖြင့် အာမခံဝန်ဆောင်မှုများ ပေးရုံမျှသာမက မြန်မာနိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများအတွက် တက်ကြွစွာ ပါဝင်ခြင်းနှင့်အတူ Strategy First University နှင့် ပူးပေါင်း၍ Scholarship program များ၊ ပညာသင်ယူလျက်ရှိသော ကျောင်းသား ကျောင်းသူများ




အတွက် Internship program များ၊ အချိန်ပြည့် အလုပ် လုပ်ကိုင်နိုင်မည့် အခွင့်အရေးများ ဖန်တီးပေးနိုင်မည် ဖြစ်ကြောင်းနှင့် အာမခံဆိုင်ရာ အသိပညာများအား ပြည်သူလူထုအကြား ပိုမို သိမြင် နားလည်စေရန်အတွက် ကြိုးစားသွားမည်ဖြစ်ပါသည်။

Human Resource Department



# Employee Voices of "Why I Love AYA SOMPO"



Nay Nwe Han

**AYA SOMPO** took me in and gave a chance to prove my capability.

Throughout my career journey, **AYA SOMPO** is the first organization that appreciates the young workforce and has faith in them to lead the organization.



Hnin Ei Khine

We love having a voice. Our management listens to and believes in our ideas and the whole team works together to make them happen.

I am treated with respect, given daily encouragement and I feel valued for what I bring to the Company.

I am proud to say I work for **AYA SOMPO** and am honored to still be a part of the **AYA SOMPO** family after 4 years.



Hsu Htet Hlaing

As for me, the consistent leaning opportunity of our insurance business and the supportive guidance of the management team can be identified our **AYA SOMPO** as more than an ideal workplace. Since day one at **AYA SOMPO**, I have never felt left-out in every aspect of my working life. I always feel that I am working with the professionals who I can learn from and will empower me to take on new and challenging opportunities. I have a dream that I will grow together with **AYA SOMPO** and I will try my best to make that dream comes true.



Ju Jue Kay Tha

**AYA SOMPO** is my very first job and I feel I am Learning and Growing with **AYA SOMPO**.



May Thet Khine

I do say "I Love **AYA SOMPO Insurance**" as I have got the opportunities to learn the insurance industry's knowledge and to openly share my own opinion to all.




## ကျန်းမာရေးအာမခံ လျော်ကြေးငွေပေးအပ်ခြင်း

AYA SOMPO အာမခံတွင် ကျန်းမာရေးအာမခံထားရှိသော ရာဝတီဘဏ်မှ လုံခြုံရေးဝန်ထမ်းတစ်ဦးသည် ဦးနှောက်သွေးကြောပြတ်၍ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၎င်းဝယ်ယူထားသော ကျန်းမာရေးအာမခံ (၅) ယူနစ်အရ သေဆုံးမှုအတွက် လျော်ကြေးငွေကျပ်သိန်း (၅၁) ကို ၎င်း၏ အကျိုးခံစားခွင့်ရှိသူထံသို့ လွှဲပြောင်း၍ လျော်ကြေးငွေပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။

AYA SOMPO အာမခံသည်မိမိတို့နှင့်ယုံကြည်စွာလက်တွဲလာသော မိတ်ဆွေများအား ဘဝ လုံခြုံမှုရှိစေရန် မနက်ဖြန်တိုင်း ရေရာသေချာစေရန် အာမခံအမျိုးအစားများစွာကို ဝန်ဆောင်မှုပေးလျက် ရှိပါသည်။ အာမခံထားရှိသည့် လုပ်ငန်းများ မမျှော်လင့်ပဲ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက AYA SOMPO အာမခံမှ (၂၄) နာရီဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

AYA SOMPO အာမခံ၏ အာမခံဝန်ဆောင်မှုများအား အသေးစိတ်သိရှိလိုပါက Customer Service ဖုန်း - ၀၉ ၉၆ ၆၆၆ ၂၈၈၃ သို့ ဆက်သွယ်မေးမြန်း၍လည်းကောင်း၊ www.ayasompo.com သို့ဝင်ရောက်၍ online booking ဖြင့် appointment ရယူ၍ လည်းကောင်း ဝန်ဆောင်မှု ရယူနိုင်ပါသည်။

Corporate Planning Department



# မီးအာမခံ လျော်ကြေးငွေပေးအပ်ခြင်း

၁၇.၁.၂၀၂၀ ရက်နေ့ ၃၄ လမ်းနှင့် ၇၈ လမ်းထောင့်ရှိ Sky Wall Shopping Mall မီးလောင်မှုတွင် AYA SOMPO အာမခံကုမ္ပဏီ၌ မီးအာမခံထားရှိထားသော Customer များမှ ဆုံးရှုံးနစ်နာမှုများ ရှိခဲ့သဖြင့် ကုမ္ပဏီမှ လျော်ကြေးငွေများ ပေးအပ်ခဲ့ပါသည်။




အာမခံထားရှိသူ ဒေါ်မာမာဝင်း
(အောင်သရဖူ ပန်းကန်ဆိုင်) အား လျော်ကြေးငွေ
(၁,၅၀၀,၀၀၀) ကျပ် ပေးအပ်ခြင်း။




အာမခံထားရှိသူ ဒေါ်ငြိမ်းအိအိလိုင်
(N2 Fashion ဆိုင်) အား လျော်ကြေးငွေ
(၁၀၂,၄၄၅,၁၀၀) ကျပ်ပေးအပ်ခြင်း။




အာမခံထားရှိသူ ဒေါ်နိုင်နိုင်ဝင်း
(အထည်အလိပ်ဆိုင်) အား လျော်ကြေးငွေ
(၆,၁၄၂,၅၀၀) ကျပ် ပေးအပ်ခြင်း။

AYA SOMPO အာမခံသည် မိမိတို့နှင့် ယုံကြည်စွာ လက်တွဲလာသော မိတ်ဆွေများအား ဘဝလုံခြုံမှုရှိစေရန် မနက်ဖြန်တိုင်း ရေရာသေချာစေရန် အာမခံအမျိုးအစားများစွာကို ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ အာမခံထားရှိသည့်လုပ်ငန်းများ မမျှော်လင့်ပဲ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက AYA SOMPO အာမခံမှ (၂၄) နာရီ ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

AYA SOMPO အာမခံ၏ အာမခံဝန်ဆောင်မှုများအား အသေးစိတ်သိရှိလိုပါက www.ayasompo.com သို့ ဝင်ရောက်၍ online booking ဖြင့် appointment ကြိုတင်ရယူ၍လည်းကောင်း၊ Customer Service ဖုန်း - ၀၉ ၉၆ ၆၆၆ ၂၈၈၃ သို့ ဆက်သွယ်၍လည်းကောင်း ဝန်ဆောင်မှုရယူနိုင်ပါတယ်။

Corporate Planning Department



# The Q&A

# COMPREHENSIVE MOTOR INSURANCE

**Question** : Nill excess ဆိုတာကို ရှင်းပြပေးပါ

**Answer** : Nil Excess ဆိုတာက မြန်မာမှု ပြန်ရရင် နှုတ်ဖြတ်ငွေ လို့ ဆိုရပါမည်၊ လျော်ကြေးဖြစ်ရင် customer ဆီက တပြားမှ မနှုတ်ဖြတ်ရအောင် ပရီမီယံ အဖြစ် private use ဆို ၅၀၀၀ ကျပ် ၊ commercial use ဆို ၁၀၀၀၀ ကျပ် ပေးဆောင်ရပါမည်။ မယူမနေ မဟုတ်၍ customer မဝယ်ချင်လည်းသော် လည်းကောင်း အာမခံကုမ္ပဏီ ဘက်ကသော်လည်းကောင်း မရောင်းချင်လျှင် ကြိုတင် အသိပေး၍ အာမခံ ထားရှိနိုင်ပါသည်။

**Question** : အလုံးစုံကားအာမခံထားမည်ဆိုလျှင် မော်ဒယ်တူ အမျိုးအစားတူ ကားကို သာသနာလိုင်စင်နှင့် ကိုယ်ပိုင်ကားလိုင်စင် အပေါ် မူတည်ပြီး ပရီမီယံ သတ်မှတ်ပုံခြင်း ကွာခြားပါသလား။

**Answer** : ဘာသာရေးအတွက် အသုံးပြုလျက်ရှိသော ကားများကို အာမခံထားသည့်အခါ သာသနာယာဉ်လိုင်စင် အနေဖြင့် မဟုတ်ဘဲ ဒကာ၊ ဒကာမများ၏ အမည်ပေါက်သော ကားလိုက်စင် (အနက်လိုင်စင်)များ ဖြင့် အာမခံလာရောက်ထားခြင်းမျိုး များပါတယ်။ အိမ်သုံးကား လိုင်စင် (အနက်လိုင်စင်)များအနေဖြင့် အာမခံထားလျှင် private car နဲ့ပဲ တွက်ပါတယ်။ သာသနာလိုင်စင်ဖြင့် ထားရှိသော ကားများဆိုလျှင် တော့ rating အနေဖြင့် သီးသန့်ရှိပါတယ်။

Human Resource Department